EMReF Enlightened Myanmar Research Foundation ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၂)၊ အမှတ်-၅၂ ဧပြီ ၃ ရက်၊ ၂၀၁၈

## ဒေသန္တရလုပ်ငန်းစီမံချက်များကို တိုင်းလွှတ်တော်ခွင့်ပြုချက်ရမှသာ ဆောင်ရွက်ရန် လွှတ်တော်ဆုံးဖြတ်


ဓာတ်ပုံ - Yangon Hluttaw Facebook

**မတ် ၂၄၊ ၂၀၁၈**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်ရွက်မည့် ဒေသန္တရလုပ်ငန်းစီမံချက် အသေးစိတ်အချက်အလက်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့က လွှတ်တော်သို့ လာရောက်ရှင်းလင်းဆွေးနွေးပြီး လွှတ်တော်၏အတည်ပြုချက်ရရှိမှသာ ဆောင်ရွက်ရန် တိုင်းလွှတ်တော်က အတည်ပြု ဆုံးဖြတ်သည်။

မတ်လ ၂၃ ရက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က တင်သွင်းသည့် ၂၀၁၈ ဧပြီမှ စက်တင်ဘာအထိ ခြောက်လအတွက် ရန်ကုန်တိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်းဥပဒေကြမ်းကို လွှတ်တော်ဘဏ္ဍာရေး၊ စီမံကိန်းနှင့် စီးပွားရေးကော်မတီအပါအဝင် လွှတ်တော်ကိုယ်စားလှယ် ကိုးဦးက ဆွေးနွေးပြီး အထက်ပါအချက်ကို ထည့်သွင်း အတည်ပြုခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က တင်သွင်းသည့် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းတွင် စီမံကိန်း၏ ရည်မှန်းချက်၊ ရင်းနှီးမြှုပ်နှံမှုပုံစံ၊ ရင်းနှီးမြှုပ်နှံမှုပမာဏ၊ နိုင်ငံသူနိုင်ငံသားများအပေါ် အကျိုးဖြစ်ထွန်းစေမှုစသည့် အချက်အလက်များကို လွှတ်တော်သို့တင်ပြ၍ ကိုယ်စားလှယ်များက ဆွေးနွေးပြီးမှသာလျှင် အတည်ပြု ဆောင်ရွက်သင့်ကြောင်း တိုင်းလွှတ်တော်၊ ဘဏ္ဍာရေး၊ စီမံကိန်းနှင့် စီးပွားရေးကော်မတီဥက္ကဋ္ဌ ဒေါ်စန္ဒာမင်းက ပြောသည်။

ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအား သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့်အဖွဲ့ဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးပြီး လွှတ်တော်၏အဆုံးအဖြတ်ရယူရာ ဥပဒေကြမ်းနှင့် ဥပဒေကြမ်း နောက်ဆက်တွဲ(၁)၊ (၂) တို့ကို လွှတ်တော်က အတည်ပြုခဲ့သည်။

**(ကိုးကား-www.7daydaily.com)**

## ရှမ်းလွှတ်တော် ဒုတိယအကြိမ်သက်တမ်းအတွင်း ကြယ်ပွင့်ပြမေးခွန်း ၄၀၀ ကျော် မေးမြန်းထားဟုဆို

**မတ် ၂၇၊ ၂၀၁၈**

ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော်သက်တမ်း ၂ နှစ်ကျော်အတွင်း၌ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၆၁ ဦးက ကြယ်ပွင့်ပြမေးခွန်း ၄၀၀ ကျော် မေးမြန်းခဲ့သည် ဟုသိရသည်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့ဖြစ်သည့် မတ်လ ၂၆ ရက်တွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အဖွင့်မိန့်ခွန်းပြောကြားရာ၌ ယင်းသို့ပြောကြားခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးတည်းက ပြည်နယ်လွှတ်တော်အတွင်း ကြယ်ပွင့်ပြမေးခွန်း ၅၇ ခုအထိ မေးမြန်းသည့် မှတ်တမ်းများရှိကြောင်း ဦးစိုင်းလုံးဆိုင်က ပြောသည်။

"ကိုယ်စားလှယ် တစ်ဦးတည်းက အခုလိုကြယ်ပွင့်ပြမေးခွန်းတွေ လွှတ်တော်ကျင်းပစဉ် တိုင်းမေးမြန်းခဲ့တာမျိုးရှိသလို ယနေ့အချိန်ထိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခြင်းမရှိသေးတဲ့ ကိုယ်စားလှယ်တွေလည်း ရှိနေပါတယ်"ဟု ဦးစိုင်းလုံးဆိုင်ကဆိုသည်။

ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဥပဒေပြုရေး ဆောင်ရွက်ရာတွင် အုပ်ချုပ်ရေးလုပ်ငန်းများကို ဝင်ရောက်စွက်ဖက်မှုမျိုးမဖြစ်စေရန် အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း ဦးစိုင်းလုံးဆိုင်ကပြောသည်။

**(ကိုးကား-www.7daydaily.com)**

# မန္တလေးတိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်နေသည့် စီမံကိန်းများ လွှတ်တော်သို့တင်ပြရန် အစီအစဉ်မရှိဟုဆို

**မတ် ၂၄၊ ၂၀၁၈**

မတ်လ ၂၃ ရက် မန္တလေးတိုင်းဒေသကြီး လွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ညီမင်းဟန် (အောင်မြေသာစံ-၁) မန္တလေး တိုင်းဒေသကြီးအတွင်း အကောင်ထည်ဖော် ဆောင်ရွက်နေသည့် စီမံကိန်းကြီးများကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြ အတည်ပြုချက်ရယူရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းခဲ့သည်။

လက်ရှိ မန္တလေးတိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော် ဆောင်ရွက်နေသော စီမံကိန်းများသည် ယခင်အစိုးရလက်ထက်ကခွင့်ပြုခဲ့သော စီမံကိန်းများကို ဆက်လက် အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း၊ ယခုဒုတိယအကြိမ် လွှတ်တော်သက်တမ်းအတွင်း စီမံကိန်းများလုပ်ကိုင်ရန် စိတ်ပါဝင်စားသူများက လာရောက်လေ့လာသည့် အဆင့်သာရှိပြီး မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် မည်သည့်စီမံကိန်းကိုမှု သဘောတူညီခြင်း မပြုလုပ်ရသေးသဖြင့် တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခွင့်ပြုချက်ရယူရန် အစီအစဉ် မရှိသေးကြောင်း ဦးမြတ်သူက ပြောသည်။

အဆိုပါမေးခွန်းကို မေးမြန်းရသည့် ရည်ရွယ်ချက်သည် စီမံကိန်းများကို လွှတ်တော်သို့ ပွင့်လင်းမြင်သာစွာ ချပြခြင်းအားဖြင့် နိုင်ငံတော်အနေဖြင့် ရသင့်ရထိုက်သော အခွန်အခများရရှိစေရန်၊ အဂတိလိုက်စားမှုနည်းပါးစေရန်၊ စီမံခန့်ခွဲမှုအလွဲများ လျှော့ချနိုင်ရန်၊ စီမံကိန်း၏အကျိုးအပြစ်များ တွက်ဆနိုင်ရန်ရည်ရွယ်ကြောင်း ဒေါက်တာညီမင်းဟန်က ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း New Mandalay Resort City စီမံကိန်း၊ မြို့သာစက်မှုဥယျာဉ် စီမံကိန်း၊ အမရပူရမြို့ပြ (ရှမ်းကလေးကျွန်း)ဖွံ့ဖြိုးရေးစီမံကိန်းနှင့် တောင်သမန်သစ္စာအပန်းဖြေ ဟိုတယ်စီမံကိန်း စသည့် မြို့ပြစီမံကိန်းများ ဆောင်ရွက်နေသည်။

**(ကိုးကား:- www.7daydaily.com)**

သတင်းဓာတ်ပုံ



ကချင်ပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် မြေယာခွန်ဥပဒေကြမ်းကို ကချင်ပြည်နယ်လွှတ်တော် ဥပဒေကြမ်းကော်မတီက စိစစ်နေစဉ်။
(ကိုးကား: - Chen Dang Hken MP)

# အရေးကြီးသည့် စီမံကိန်းများကို လွှတ်တော်သို့တင်ပြမည်ဟု တနင်္သာရီတိုင်းအစိုးရ အဖွဲ့ဝင်ပြောကြား

**မတ် ၁၈၊ ၂၀၁၈**

အရေးကြီးသည့် စီမံကိန်းများအပါအဝင် အစိုးရစီမံကိန်းများကို တိုင်းလွှတ်တော်အတွင်း ညှိနှိုင်းဆွေးနွေးနိုင်ရန် တင်ပြမည်ဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံဘဏ္ဍာဝန်ကြီး ဦးဖြိုးဝင်းထွန်းက 7Day Daily သတင်းစာအား ပြောသည်။

စီမံကိန်းများ လွှတ်တော်တင်ရန် လို၊ မလို တိုင်းအစိုးရနှင့် လွှတ်တော်အကြားအငြင်းပွားနေမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးတင်၍ အဆုံးအဖြတ်ခံယူရန် ဒီချုပ်တိုင်းလွှတ်တော်ကိုယ်စားလှယ်အများစုက ဆန္ဒရှိသည့်အခြေအနေတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

"အခုလောလောဆယ် အစိုးရအဖွဲ့က စီမံကိန်းတွေကို လွှတ်တော်လာပြီး အတည်ပြုခိုင်းနေတာတွေဖြစ်နေပြီ။ အရင်ကလိုလုံးဝလာမတင်တာမျိုး မဟုတ်ဘူး။ အဲဒါကြောင့် ခုံရုံးတင်မယ့်ကိစ္စကို ဆိုင်းငံ့ထားပြီး စောင့်ကြည့်နေတဲ့သဘောပါ"ဟု လွှတ်တော်ဥက္ကဋ္ဌကပြောသည်။

သို့သော် တိုင်းအစိုးရအဖွဲ့က သရက်ချောင်း ငါးလေးလံဈေးနှင့် ဖွံ့ဖြိုးရေးဇုန်စီမံကိန်းအပါအဝင် မြိတ်မြို့နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျောက်ဖျားမြို့သစ်စီမံကိန်းများကိုမူ လွှတ်တော်သို့တင်ပြလာခြင်း မရှိသေးကြောင်း ၎င်းက ဆိုသည်။

**(ကိုးကား:-www.7daydaily.com)**

# အမျိုးသားဥယျာဉ်စီမံကိန်းနှင့် ဌာနေတိုင်းရင်းသားများ၏ စိုးရိမ်မှု

**မတ် ၂၉၊ ၂၀၁၈**

တနင်္သာရီတိုင်းဒေသကြီးမှာ အဆိုပြုထားတဲ့ လေညာအမျိုးသားဥယျာဉ်နှင့် တနင်္သာရီ အမျိုးသားဥယျာဉ်စီမံကိန်းကို နယ်နိမိတ်သတ်မှတ်မည်ဆိုလျှင် ယင်းသတ်မှတ်ဧရိယာတွင်ပါနေသည့် ဒေသခံများ၏ ဥယျာဉ်ခြံမြေများမပါအောင် ကွင်းဆင်းဆောင်ရွက်သွားမည်ဟု တနင်္သာရီတိုင်းဒေသကြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမြင့်မောင်က မတ်လ ၂၉ ရက် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးတွင် ပြောသည်။

“အဆိုပြုထားသည့် လေညာအမျိုးသားဥယျာဉ်နှင့် တနင်္သာရီအဆိုပြု အမျိုးသားဥယျာဉ်တည်ထောင်ရာတွင် ဌာနေတိုင်းရင်းသားများ လူမှုဘဝအခြေအနေ မထိခိုက်စေဘဲ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းကို မည်သို့လုပ်ကိုင်မလဲ”ဟု တနင်္သာရီမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရဲမြင့်ဆွေက လွှတ်တော်တွင် မေးမြန်းခဲ့ခြင်းဖြစ်သည်။



တနင်္သာရီတိုင်းဒေသကြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမြင့်မောင်ကို တွေ့ရစဉ်။(ဓာတ်ပုံ - Kyaw Lwin Oo/RFA)

ယင်းဥယျာဉ်များကို ၂၀၀၂ ခုနှစ်က သစ်တောရေးရာဝန်ကြီးဌာနက သတ်မှတ်ခဲ့ပြီး တနင်္သာရီမြို့နယ် တနင်္သာရီအမျိုးသားဥယျာဉ်အတွင်းတွင် ကျေးရွာ ၄၂ ရွာ ပါဝင်ပြီး လူဦးရေ တစ်သောင်းလေးထောင်ကျော် ပါဝင်သည်။ လေညာ အဆိုပြုအမျိုးသားဥယျာဉ်တွင် ကျေးရွာပေါင်း ၁၃ ရွာ ပါဝင်နေရာ ဌာနေတိုင်းရင်းသားများပိုင်သည့် ဥယျာဉ်ခြံမြေများ ကျေးရွာများပါဝင်မည်ကို ဒေသခံများ စိုးရိမ်လျက်ရှိသည်။

လက်ရှိအချိန်တွင် ထိုအဆိုပြု ဥယျာဉ်နှစ်ခုကို ကြေးတိုင်အမှတ် ၅ ခုနှင့် စိစစ်ဆောင်ရွက်နေဆဲအဆင့်သာ ရှိနေသေးကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက ပြောသည်။

**(ကိုးကား:-www.rfa.org)**

# ကျောက်စိမ်းအရိုင်းအခွန်ငွေ ကျပ်သန်းပေါင်း ၅ သောင်းကျော် ရရှိ

**မတ် ၃၀ ရက်၊ ၂၀၁၈**

ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ လုံးခင်းရတနာနယ်မြေမှ ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်မှ ယခုနှစ် ဖေဖော်ဝါရီလအတွင်း ကျောက်စိမ်းအရိုင်း အခွန်ကောက်ခံခဲ့ရာမှ စုစုပေါင်း ကျပ်သန်းပေါင်း ငါးသောင်းကျော်ရရှိခဲ့ကြောင်း ကချင်ပြည်နယ်၊ သယံဇာတနှင့် သဘာဝပတ်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးHလအောင်က ပြောကြားသည်။

ကျောက်စိမ်းများကို ကားမျိုးစုံဖြင့် သယ်ယူနေသည်မှာ တရားဝင်ဟုတ်မဟုတ်နှင့် နှစ်စဉ်အခွန်ငွေရရှိမှုအခြေအနေများနှင့် ပတ်သက်ပြီး ဖားကန့်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဒါရှိုလဆိုင်းက မတ်လ ၂၈ ရက် လွှတ်တော်တွင်မေးမြန်းခဲ့ရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးHလအောင်က ကျပ်သန်းပေါင်း ၅၅၅၄၇.၃၄၉ နိုင်ငံတော်ရဲ့ အခွန်ဘဏ္ဍာအဖြစ် ကောက်ခံရရှိသည်ဟုဆိုသည်။

နိုင်ငံတော်က နှစ်အလိုက် သက်တမ်းခွင့်ပြုထားသော ကုမ္ပဏီများအနေဖြင့် တူးဖော်ရရှိသည့် ကျောက်စိမ်းအရိုင်းတုံးများကို သက်ဆိုင်ရာ တန်ဖိုးဖြတ်အဖွဲ့ကိုပြသပြီး မှတ်ပုံတင်ခြင်း၊ ရတနာခွန်ဆောင်ခြင်းများ ပြုလုပ်ရသည်။ အခွန်ဆောင်ပြီးလျှင် ပြည်နယ်အစိုးရအဖွဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ ခွင့်ပြုမော်တော်ယာဉ်ဖြင့် တင်ဆောင်ပြီး၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ လုံခြုံရေးခွင့်ပြုချက်အရ နေပြည်တော်၊ မြစ်ကြီးနားမြို့များသို့ သယ်ယူခွင့်ပြုသည်ဟု ဝန်ကြီးက ပြောသည်။

**(ကိုးကား:-www.rfa.org/burmese)**

## သတင်းတို

- ဖေဖော်ဝါရီလ ၂၀ ရက်နေ့ ချင်းအမျိုးသားနေ့ကို ချင်းပြည်နယ်အတွင်း အစိုးရရုံးပိတ်ရက်နေ့အဖြစ်သတ်မှတ်ရန် တိုက်တွန်းသည့်အဆိုကို မတ်လ ၂၂ ရက်နေ့က ချင်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အတည်ပြုခဲ့ပြီး ယင်းအဆိုကို ပြည်နယ်အစိုးရအဖွဲ့က အကောင်အထည်ဖော်ရန်သာ ကျန်တော့ကြောင်း ယင်းအဆိုတင်သွင်းခဲ့သည့် တီးတိန်မြို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ပူးထန်ဒိတ်ခုပ်က ပြောသည်။

**(ကိုးကား:- thevoicemyanmar.com/Chin World)**

- ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး၌ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် SNLD ၏ မိုင်းကိုင်ပြည်နယ်လွှတ်တော်အမတ် ဦးစိုင်းလုံးက “မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် သမိုင်းအစဉ်အလာကြီးမားခဲ့သော ဖေဖော်ဝါရီလ ၇ ရက်နေ့ ရှမ်းပြည်နယ်နေ့ကို ရှမ်းပြည်နယ်အတွင်း အစိုးရရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရန်” လွှတ်တော်တွင်း အဆိုပြုသည့်အပေါ် မဲခွဲဆုံးဖြတ်ရာ တစ်မဲအလိုဖြင့် ကပ်၍ ရှုံးနိမ့်သွားခဲ့သည်။

**(ကိုးကား:-http://burmese.shannews.org)**